# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## e-Newsletter

Vol.3 No.1 January, 2024


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြား




### ဒီဇင်ဘာလ ၁၀ ရက်

(၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကို ၁၀-၁၂-၂၀၂၃ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၁ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြည်ပသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် ပြုလုပ်ခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ထုတ်ပြန်ရေးအတွက် မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံက ထောက်ခံမဲ ပေးခဲ့ကြောင်း၊ မဲခွဲဆုံးဖြတ်ချက်အရ ကုလသမဂ္ဂ အထွေထွေညီလာခံက လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) ကို အတည်ပြု ထုတ်ပြန်သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို အပြည်ပြည်

ဆိုင်ရာလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း။

**မိမိတို့နိုင်ငံအနေဖြင့် လူ့အခွင့်အရေးကို လေးစားတန်ဖိုးထား**

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလျက်ရှိကြကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များနှင့်အညီ တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် နိုင်ငံတကာ အသိုက်အဝန်းနည်းတူ ယခုလို အထိမ်းအမှတ် အခါသမယကို ပါဝင်ကျင်းပခြင်းဖြစ်ကြောင်း။

ကုလသမဂ္ဂက ကမ္ဘာကြီးအတွက် ဂုဏ်သိက္ခာ၊ လွတ်လပ်ခွင့်နှင့် တရားမျှတမှုများကို အခြေခံထားပြီး လူသားများအတွက် လူ့အခွင့်အရေးစံနှုန်းများ ပါဝင်သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါကြေညာစာတမ်းတွင် အပိုဒ်ပေါင်း (၃၀) ပါရှိပြီး လူ့အခွင့်အရေးအားလုံး၏ အခြေခံများ၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ၊ စီးပွားရေး လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် လူသားများ၏ တာဝန်ဝတ္တရားများအကြောင်းကို ဖော်ပြပါရှိကြောင်း။

ယင်းကြေညာစာတမ်းသည် လူသားအားလုံး၏ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှရှိမှုတို့ကို အသိအမှတ်ပြုထားသည့် ကြေညာစာတမ်းကြီးဖြစ်၍ ကမ္ဘာကြီးတွင် အဆိုပါ ကြေညာစာတမ်းကို လူသားအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိကြစေရန်အတွက် ဘာသာပြန်ဆိုကြရာတွင် ဘာသာစကားပေါင်း (၅၀၀) ကျော် ဘာသာပြန်ဆိုပြီးဖြစ်သည့်အတွက် ဘာသာပြန်ဆိုမှု အများဆုံး ဂင်းနစ်စံချိန်ဝင်လည်းဖြစ်သည်ဟု သိရှိရကြောင်း။

**ကမ္ဘာကြီးတွင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းပေါင်း (၁၂၀) ရှိ**

ကမ္ဘာပေါ်ရှိ နိုင်ငံများအနေဖြင့် နိုင်ငံရှိ နိုင်ငံသူ၊ နိုင်ငံသားများ လူ့အခွင့်အရေးများ ရရှိခံစားနိုင်ကြစေရန်နှင့် ကာကွယ်ပေးနိုင်စေရန် နိုင်ငံအတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းကြရန် လိုအပ်ကြောင်း သိမြင်လာသည့်အတွက် နိုင်ငံအသီးသီးတွင်



လူ့အခွင့်အရေး အဖွဲ့အစည်းများ တည်ထောင်နိုင်ရေး ကြိုးပမ်းခဲ့ကြကြောင်း၊ ၁၉၉၁ ခုနှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့တွင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ တည်ထောင်နိုင်ရေး ကြိုးပမ်းခဲ့ကြကြောင်း၊ အဆိုပါ ဆွေးနွေးပွဲတွင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် အခြေခံမူများ” ကိုလည်း သတ်မှတ် ရေးဆွဲခဲ့ကြကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် အဆိုပါအခြေခံမူများအရ ဖွဲ့စည်း တည်ထောင်ထားရှိပြီးဖြစ်သည့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းပေါင်း (၁၂၀) ရှိနေပြီဟု သိရှိရကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူ့အခွင့်အရေးများကို နိုင်ငံသားများ ခံစားရရှိနိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၁၂ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ လူ့အခွင့်အရေး စံနှုန်းများကို လေးစားလိုက်နာခြင်း၊ ပြဋ္ဌာန်း ဖြည့်ဆည်းပေးခြင်းအားဖြင့် ငြိမ်းချမ်းသာယာသည့် လူ့အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးနှင့် ကဏ္ဍအသီးသီးတွင် မညီမျှမှုများ၊ ခွဲခြားဆက်ဆံမှုများ မရှိစေရေးကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် အပါအဝင် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့နှင့်အတူ ချိတ်ဆက်ပူးပေါင်း လုပ်ဆောင်လျက်ရှိကြောင်း။

## မြန်မာနိုင်ငံအနေဖြင့် စာချုပ်ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာနှင့် လူ့အခွင့်အရေး သဘောတူစာချုပ်များဖြစ်သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၊ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပြီး အဆိုပါစာချုပ်များနှင့် ဆက်စပ်သည့် နောက်ဆက်တွဲစာချုပ်အချို့ကိုလည်း ပါဝင်ချုပ်ဆိုကာ စာချုပ်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့အချိန် ကမ္ဘာကြီးတွင် စစ်မက်ဖြစ်ပွားမှုနှင့် မငြိမ်းချမ်းမှုများ၊ နိုင်ငံအချင်းချင်း အားပြိုင်မှုများနှင့် စွက်ဖက်ခြယ်လှယ်ကျူးကျော်လိုမှုများ၊ ကပ်ရောဂါ၊ ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များနှင့်ယင်းတို့၏နောက်ဆက်တွဲဆိုးကျိုးများကြောင့် လူသားများ၏အခြေခံ လူ့အခွင့်အရေးများထိပါးခံနေကြရသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့သည် အပြန်အလှန် ပတ်သက် ဆက်နွှယ်မှုရှိနေကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ လူသားများ အေးအေးချမ်းချမ်းနှင့် အဆင်ပြေပြေ အသက်ရှင်ရပ်တည်နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝ မြင့်မားကာ အခြေခံ လူ့အခွင့်အရေးများကိုလည်း ပိုမိုရရှိခံစားနိုင်ကြမည်ဖြစ်ကြောင်း၊ နိုင်ငံသူနိုင်ငံသားများ အခြေခံအခွင့်အရေးများကို ခံစားရရှိပြီး လူမှုဘဝမြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းမှုရှိရေးသည် အဓိကကျကြောင်း။ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အဆိုပါအချက်ကို ကောင်းစွာ သိရှိနားလည်သည့်အတွက် နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများ လျော့နည်းပပျောက်ပြီး ငြိမ်းချမ်းမှုများ ရရှိအောင် အားထုတ်ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့် ပစ္စုပ္ပန်ကို မျှော်မှန်းတည်ဆောက်လျက်ရှိပြီး နိုင်ငံရေးရည်မှန်းချက်အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းကို အထောက်အကူ ဖြစ်စေသလို ငြိမ်းချမ်းရေးသည်လည်း နိုင်ငံသားများ လူ့အခွင့်အရေးများ အပြည့်အဝခံစားခွင့်ရရှိရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း။

## တည်ငြိမ်အေးချမ်းမှု ပျောက်ဆုံးနေလျှင် လူ့အခွင့်အရေးများသည်လည်း မှေးမှိန်အားနည်းနေမည်

လူ့အခွင့်အရေးကို ရှိသေလေးစားကြရန်နှင့် အခြေခံလူ့အခွင့်အရေးများရရှိရန် မည်မျှပင် တိုက်တွန်းကြိုးပမ်းကြသော်လည်း တည်ငြိမ်အေးချမ်းမှု ပျောက်ဆုံးနေလျှင်၊ ဆူပူအကြမ်းဖက်မှုများ လက်နက်ကိုင်တိုက်ပွဲများ ဖြစ်နေမည်ဆိုလျှင် အဆိုပါ ဒေသများတွင် လူ့အခွင့်အရေးများသည်လည်း မှေးမှိန် အားနည်းနေမည်ကို သတိထားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေရာတွင် တိုင်းရင်းသား ပြည်သူအားလုံးက ပါဝင် ဆောင်ရွက်ကြမှသာ ငြိမ်းချမ်းသာယာဝပြောသည့် လူ့ဘောင်တွင် လူ့အခွင့်အရေးများ ရှင်သန်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိမှသာလျှင် နိုင်ငံသားအားလုံး၏အကျိုးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရှိရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေး ဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အားပေးခြင်း၊ နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ဖော်ဆောင်ပေးခြင်း၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ဆောင်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် ပြည်သူများ၏ လူ့အခွင့်အရေးကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ထိခိုက် နစ်နာဆုံးရှုံးမှုများကို

ကာကွယ်ပေးရာရောက်ကြောင်း။

## လူ့အခွင့်အရေးသည် လူသားအားလုံး ရပိုင်ခွင့်ရှိသည့် မွေးရာပါအခွင့်အရေးဖြစ်

ယခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ဆောင်ပုဒ်က "Dignity, Freedom and Justice for all" လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့် အားလုံးအတွက် တရားမျှတမှု ဖြစ်ကြောင်း၊ လူသားတိုင်း လွတ်လပ်စွာ မွေးဖွားလာကြပြီး လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူ ရှိကြသည်ဟု ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထားသကဲ့သို့ လူ့အခွင့်အရေးသည် လူသားအားလုံး ရပိုင်ခွင့်ရှိသည့် ပစ်ပယ်၍ မရသော မွေးရာပါအခွင့်အရေးဖြစ်ကြောင်း၊ သို့သော် မိမိ၏ အခွင့်အရေးကိုရရှိ ခံစားရာတွင် သူတစ်ပါး၏ အခွင့်အရေးများကိုလည်း လေးစားတန်ဖိုးထားပြီး ထိခိုက်ဆုံးရှုံးနစ်နာမှုမရှိအောင် ကျင့်သုံးမှသာ လူ့အခွင့်အရေးဆိုသည့် အနှစ်သာရနှင့် အဓိပ္ပာယ်သည် ပေါ်လွင်နေမည် ဖြစ်ကြောင်း၊ မတူကွဲပြားမှုများစွာနှင့် ပေါင်းစည်းတည်ထောင်ထားသည့် မိမိတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦး အချင်းချင်း အပြန်အလှန် လေးစားမှုနှင့် လူ့ဂုဏ်သိက္ခာကို အလေးထားကာအခွင့်အရေးနှင့် လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို သိမြင်ကျင့်သုံး ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။ ယင်းနောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂက ရည်ညွှန်းဖော်ကျူးထားသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်ပြည့် မှတ်တမ်းဗီဒီယိုနှင့် ၂၀၂၃ ခုနှစ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အဖြစ် နာဂ တိုင်းရင်းသားဘာသာ (၈) မျိုးနှင့် ကချင်(လော်ဝေါ်) တိုင်းရင်းသားဘာသာများသို့ ဘာသာပြန်ဆိုသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း စာအုပ်များကို စတင်မိတ်ဆက်သည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

## ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်အား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို လက်ရောက် ပေးအပ်သည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက (၇၅) နှစ်မြောက် လူ့အခွင့်အရေးနေ့ ဂုဏ်ပြုတေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ နေပြည်တော်(ရုံးခွဲ) ဖွင့်လှစ်ခြင်း



**ဒီဇင်ဘာလ ၁၀ ရက်**


မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ကော်မရှင်ဥပဒေ ပုဒ်မ ၅၇ အရ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန်အတွက် နေပြည်တော် (ရုံးခွဲ) ဖွင့်လှစ်ခြင်း အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်ရှိ နေပြည်တော်(ရုံးခွဲ) အဆောက်အဦ၌ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၊ ၁၄:၀၀ နာရီ အချိန်တွင် ကျင်းပခဲ့ပါသည်။

ရုံးခွဲဖွင့်ပွဲအခမ်းအနား၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အမှာစကားပြောကြားခဲ့ပြီးနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ရုံးခွဲဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရ သစ်ပင် စိုက်ပျိုးခဲ့ပါသည်။



## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများကျင်းပခြင်း





### ဒီဇင်ဘာလ ၂၇ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၂၃)ကို၂၇-၁၂-၂၀၂၃ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများကတင်ပြ ဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၂၃) ကို ၅-၁၂-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ ကတာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်မောင်မောင်သန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ၏ မြန်မာနိုင်ငံအတွင်း အကျဉ်းထောင်လေ့လာရေးအတွေ့အကြုံများ ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ် ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခြင်း

### ဒီဇင်ဘာလ ၁၄ ရက်

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (International Committee of the Red Cross– ICRC) သည် ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အကျဉ်းထောင်များ သွားရောက်စစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် စွမ်းဆောင်ရည် မြှင့်တင်နိုင်စေရန် ရည်ရွယ်၍ ICRC ၏ မြန်မာနိုင်ငံအတွင်း အကျဉ်းထောင်လေ့လာရေးအတွေ့အကြုံများ ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ကော်မရှင်ရုံး၊ Conference Room ၌ Hybrid ပုံစံဖြင့် ကျင်းပ ပြုလုပ်ခဲ့ပါသည်။







အဆိုပါ ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်သို့ ကော်မရှင်မှ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ဝန်ထမ်းများက လူကိုယ်တိုင်ဖြင့်လည်းကောင်း ရုံးခွဲများရှိ ဝန်ထမ်းများမှ online မှ တစ်ဆင့်လည်းကောင်း တက်ရောက်ခဲ့ကြပြီး ICRC ဘက်မှProtection Coordinator Mr. Henning Krause ဦးဆောင်သည့် ကိုယ်စားလှယ် (၂) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

ယင်းအစီအစဉ်တွင် ကော်မရှင်ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ICRC မှ ကိုယ်စားလှယ်တစ်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။ ထို့နောက် ICRC မှ Senior Officer ဦးသန်းဆွေက ICRC ၏ မြန်မာနိုင်ငံအတွင်း အကျဉ်းထောင်များ ဝင်ရောက်လေ့လာခဲ့သည့် အတွေ့အကြုံများနှင့် နိုင်ငံတကာ အကျဉ်းထောင်စံနှုန်းများ ခေါင်းစဉ်များဖြင့် တင်ပြဆွေးနွေးရာ ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းခဲ့ကြပါသည်။

## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း တိုင်တန်းချက် (၂၅) စောင်၊ အောက်တိုဘာလ လက်ကျန် (၃) စောင်၊ စုစုပေါင်း (၂၈) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၄) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၁) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း၊ တိုင်တန်းချက် (၁၅) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (က) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီ၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။ နိုဝင်ဘာလတွင် တိုင်တန်းချက် လက်ကျန် ၈ စောင် ရှိပါသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# သတင်းထုတ်ပြန်ချက် (၁၃/၂၀၂၃)

၁။ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုနှင့် လူ့ဂုဏ်သိက္ခာများကို အခြေခံထားပြီး လူသားများ အားလုံးအတွက် လူ့အခွင့်အရေး စံနှုန်းများပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့၌ ကုလသမဂ္ဂက ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး နေ့အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် (၇၅) နှစ်ပြည့် စိန်ရတုသို့ ရောက်ရှိပြီ ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာရရှိသည့် ၁၉၄၈ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်ခဲ့ပြီး ထိုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ ပါရီမြို့တွင် ကျင်းပသော ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုချမှတ်ချိန်တွင် ပါဝင်ထောက်ခံမှုပြုခဲ့ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းသည် မြန်မာဘာသာ အပါအဝင် ဘာသာစကားပေါင်း ၅၀၀ ကျော်ဖြင့် ကမ္ဘာပေါ်တွင် ဘာသာပြန်ဆို မှုအများဆုံး စာတမ်းဖြစ်ပြီး ယင်းကြေညာစာတမ်းကို ကမ္ဘာ့မိသားစုဝင် နိုင်ငံအချင်းချင်း ဆက်ဆံရေးနယ်ပယ် တွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ ချုပ်ဆိုကြရာတွင်လည်းကောင်း၊ နိုင်ငံခြားရေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းတို့တွင်လည်းကောင်း စံပေတံအဖြစ် အလေးအနက် ရည်ညွှန်း ကိုးကားလေ့ ရှိပါသည်။ ထိုနည်းတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေး များကို ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

၃။ ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် ဆောင်ပုဒ်များ ချမှတ် လေ့ရှိရာ ယခု ၂၀၂၃ ခုနှစ်တွင် ကျရောက်သည့် (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဆောင်ပုဒ်မှာ "လူ့ဂုဏ်သိက္ခာ၊ လွတ်လပ်မှုနှင့် အားလုံးအတွက် တရားမျှတမှု"၊ "Dignity, Freedom, and Justice for All" ဖြစ်ပါသည်။

၄။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် ၂၀၂၃ ခုနှစ် ကာလ ပတ်လုံး ကမ္ဘာတစ်ဝှမ်းရှိ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပိုမိုအသိအမှတ်ပြု ကျင့်သုံးဖော်ဆောင် နိုင်ရေး လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ကြပါသည်။ ထိုနည်းတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က လည်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် စပ်လျဉ်း၍ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲနှင့် ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများကို ရုံးတွင်းဌာနအလိုက် အင်္ဂလိပ် ဘာသာ ဖြင့် ဆွေးနွေးတင်ပြခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း အသိပညာပေး သင်တန်းများ ဖွင့်လှစ် သင်ကြားခြင်း၊ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်တေးသီချင်းရေးဖွဲ့သီဆို ရိုက်ကူးခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူ စာချုပ်များဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights– ICESCR) ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Convention on the Protection of the Rights of all Migrant Workers and Members of Their Families – CMW) နှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination against Women – CEDAW) တို့ကို အင်္ဂလိပ် ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပုံနှိပ်ခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား နာဂတိုင်းရင်းသားဘာသာ

နှင့် လေဘ်ဝေါ် တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုပုံနှိပ်ခြင်းတို့ဖြင့် အားပေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၅။ (၇၅) နှစ်မြောက် စိန်ရတု အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခါသမယတွင် ပြည်သူ တစ်ရပ်လုံးကလည်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူတစ်ဦးချင်းစီ၏ မွေးရာပါ အခွင့်အရေး၊ ဥပဒေပါအခွင့်အရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သူတစ်ပါး၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို အသိအမှတ်ပြုလေးစားခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာ ကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရေး ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

## ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ အခမ်းအနားကျင်းပပြုလုပ်





**ဒီဇင်ဘာလ ၁ ရက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်နှင့်ပူးပေါင်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် ဟောပြောပွဲကို ၁-၁၂-၂၀၂၃ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ Conference Room ၌ Hybrid System ဖြင့် ကျင်းပပြုလုပ်ရာ ကော်မရှင်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း (၆၀) ဦး တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်မှ အဖွင့်အမှာစကား အနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ အခြေအနေ၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာရခြင်း ကုလသမဂ္ဂ၏ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံပါဝင်ထားမှု၊ မြန်မာနိုင်ငံအတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပြဋ္ဌာန်းပေးထားမှုနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အသိပညာပေးမှု လုပ်ငန်းများ ဆောင်ရွက်မှု၊ **"မသန်သော်လည်း စွမ်းပါသည်"** ဆိုသည့်အတိုင်း စွမ်းဆောင်နိုင်ခဲ့သူများအပေါ် နိုင်ငံတော်အပိုင်းမှ အားပေးဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းသည့် အကြောင်းတို့ကို ပြောကြားခဲ့ပြီး၊ ဆွေးနွေးဟောပြောကြမည့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်





မှ ဥက္ကဋ္ဌ ဦးသိန်းဟန်သူ၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်သန်းလွင်နှင့် အတွင်းရေးမှူး ဒေါ်ချောစုလှိုင်တို့က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅ ခုနှစ်)၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အာဆီယံ အထောက်အကူပြု မဟာဗျူဟာစီမံချက် ၂၀၂၅ ပါ အခွင့်အရေးများနှင့် ပြဋ္ဌာန်းချက်များ၊ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခွင့်နှင့် ရွေးကောက်ပွဲဆိုင်ရာ ကိုယ်တွေ့ဘဝ အတွေ့အကြုံများကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့ပါသည်။



၄။ ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် အဖွဲ့ဝင် ဒေါက်တာသန်းမြင့်တို့က အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ကျေးဇူးတင်စကားပြောကြားကာ ဟောပြောပွဲ အခမ်းအနားကို ၁၁:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ရုံး နှစ်သစ်ကူးအကြို အခမ်းအနားကျင်းပပြုလုပ်





ဒီဇင်ဘာလ ၂၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၏ ဇနီးများအတူ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများပါဝင်သည့် ၂၀၂၄ ခုနှစ်၊ နှစ်သစ်ကူးအကြို အခမ်းအနားကို အစီအစဉ် (၂) ပိုင်းခွဲ၍ ကျင်းပခဲ့ပါသည်။ အခမ်းအနား ပထမပိုင်း အစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကော်မရှင်ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပါသည်။



အခမ်းအနား အစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ ချီးမြှင့်သည့် ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိခဲ့ကြသော ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေဆု သုတပဒေသာ (ဝိဇ္ဇာ) ဆုရရှိသည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်အား မှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့် အမှတ်တရလက်ဆောင်ပေးအပ်ခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌမှ ချီးမြှင့်သည့် စီမံထူးချွန်တံဆိပ် (ဒုတိယအဆင့်) ရရှိခဲ့သည့် ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်အား ကော်မရှင်ဥက္ကဋ္ဌမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပါသည်။

အခမ်းအနားအစီအစဉ်အရ ၂၀၂၃ ခုနှစ်၊ လုပ်ငန်းစွမ်းဆောင်ရည် အကောင်းဆုံးဆု ရရှိသူ (၃) ဦးအားလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်သည့် သင်တန်းများ၌ အရည်အချင်း သတ်မှတ်ချက် (၁) မှ (၁၀) အတွင်း ရရှိသူ (၂) ဦးအားလည်းကောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ခွင့်လုံးဝမယူဘဲ ရုံးတက်ရက်မှန်သည့် ဝန်ထမ်း (၁၁) ဦးအားလည်းကောင်း၊ ဌာနအလိုက် နှစ်သစ်ကူးလက်ဆောင်များ ပေးအပ်ခြင်းကိုလည်းကောင်း၊ ၇၅ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုတို့ကိုလည်းကောင်း၊ ၇၅ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အမှတ်တံဆိပ် (LOGO) ပြိုင်ပွဲတွင် ဆုရရှိသူ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုတို့ကိုလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကိုရုပ်သိမ်းခဲ့ပါသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ကော်မရှင်ရုံး (၃) ထပ်ဆောင်ရှေ့ လေဟာပြင်တွင် ဆက်လက်ကျင်းပရာ ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက နှစ်သစ်ဆုမွန်စကားပြောကြားပါသည်။ ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးအရာထမ်း/ အမှုထမ်းများ၏ နှစ်သစ်ကူးလက်ဆောင်များနှင့် အထူးဆု (၅) ဆုတို့ကို မဲနှိုက်ခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသူများအား အအေးဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အခမ်းအနားကို ၁၆:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။






## နိုင်ငံခြားရေးဝန်ကြီးဌာနတွင် သင်ခန်းစာသွားရောက်ပို့ချ



**ဒီဇင်ဘာလ ၁၉ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် နိုင်ငံခြားရေး ဝန်ကြီးဌာန (ရန်ကုန်) ၌ ဖွင့်လှစ်လျက်ရှိသော **"အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း (Certificate Course in Basic Diplomatic Skills–BDS) အမှတ်စဉ် (၄၄/ ၂၀၂၃)"** သို့ ၁၉-၁၂-၂၀၂၃ ရက်နေ့၊ နံနက် ၀၇:၀၀ နာရီမှ ၀၈:၅၀ နာရီအချိန်ထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ဘာသာရပ်သင်ခန်းစာ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင် ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းပေါ်ပေါက်လာပုံ၊ ကော်မရှင် ဥပဒေ ပြဋ္ဌာန်းဖြစ်ပေါ်လာပုံနှင့် ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ကော်မရှင်၏ လက်တွေ့အကောင်အထည် ဖော်နေမှုများ စသည့် ဘာသာရပ်သင်ခန်းစာများနှင့် ဆက်စပ်ရှင်းလင်း ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ဦးရေ (၅၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများနှင့် တွေ့ဆုံပွဲ ကျင်းပပြုလုပ်ခြင်း



**ဒီဇင်ဘာလ ၂၆ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးအရာထမ်း/ အမှုထမ်းများအား တွေ့ဆုံခြင်း အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ ၁၅:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် အပိုင်း (၂) ပိုင်းခွဲ၍ ကျင်းပပြုလုပ်ရာ အခမ်းအနား အစီအစဉ် ပထမပိုင်းတွင် ကော်မရှင်ဥက္ကဋ္ဌက ဦးစွာ အဖွင့် အမှာစကားပြောကြားပါသည်။ ထို့နောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက တစ်ဦးချင်း ဆုံးမသြဝါဒစကားများ ပြောကြားခဲ့ပြီး အခမ်းအနား အစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းခဲ့ပါသည်။

အခမ်းအနား အစီအစဉ် ဒုတိယပိုင်းအား ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ရုံးဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြော



ကြားပါသည်။

ထို့နောက် ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပါသည်။ တင်ပြဆွေးနွေးချက်များအပေါ် ကော်မရှင်ညွှန်ကြားရေးမှူးချုပ်က ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ဌာနတာဝန်ခံများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး တွေ့ဆုံခြင်း အခမ်းအနားကို ၁၆:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။ တွေ့ဆုံခြင်းအခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း (၉၈) ဦးတက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံ ခရစ်ယာန် မျက်မမြင်များ မိတ်သဟာယ၊ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ) ကို ကြည့်ရှုစစ်ဆေးခြင်း



### ဒီဇင်ဘာလ ၁၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်နှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၉-၁၂-၂၀၂၃ ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ ခရစ်ယာန် မျက်မမြင်များ မိတ်သဟာယ၊ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ) ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ အိပ်ဆောင်များထားရှိမှု အခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုစုစောင့်ရှောက်ပေးမှု အခြေအနေနှင့် မျက်မမြင်များကို ပညာအခြေခံတိုးမြင့်လာစေရန် လေ့ကျင့်ပေးနေမှု၊ အသက်မွေးဝမ်းကြောင်း ပညာသင်ကြားခွင့်၊ ဂီတပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံ လူ့အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးမှုနှင့် ဒုတိယနှစ်ဝက် စာမေးပွဲဖြေဆိုနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ) အား ကြည့်ရှုစစ်ဆေးရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ပေးပို့သွားမည် ဖြစ်ပါသည်။





## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ သင်ခန်းစာပို့ချ

### ဒီဇင်ဘာလ ၂၀ ရက်

